# ရောဂါပိုးဝင်ခြင်း ဖြစ်နေပါသလား။

## သင့်အတွက် ရောဂါဖြစ်စေသော ဘက်တီးရီးယားများ သို့မဟုတ် အဆိပ်များကြောင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း၏ အန္တရာယ်ကို သိပါ။

### ရောဂါဖြစ်စေသော ဘက်တီးရီးယားများ သို့မဟုတ် အဆိပ်များကြောင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း ဆိုသည်မှာ အဘယ်နည်း။

ရောဂါဖြစ်စေသော ဘက်တီးရီးယားများ သို့မဟုတ် အဆိပ်များကြောင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်းသည် မိမိ ခန္ဓာကိုယ်က ရောဂါကူးစက်မှု တစ်ခုကို အပြင်းထန်ဆုံး တုန့်ပြန်ရာတွင် ဖြစ်လေ့ရှိပါသည်။
ရောဂါဖြစ်စေသော ဘက်တီးရီးယားများ သို့မဟုတ် အဆိပ်များကြောင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်းသည် မိမိ၏ နှလုံး နှင့် အဆုတ်များ ကဲ့သို့သော နေရာများကို ပျက်စီးစေနိုင်ပြီး လူကို သေစေနိုင်ပါသည်။

ရောဂါဖြစ်စေသော ဘက်တီးရီးယားများ သို့မဟုတ် အဆိပ်များကြောင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်းသည် ဆေးကုသမှုဆိုင်ရာ အရေးပေါ်ကိစ္စ ဖြစ်ပါသည်။ ရောဂါဖြစ်စေသော ဘက်တီးရီးယားများ သို့မဟုတ် အဆိပ်များကြောင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်းကို အမြန်ဆုံး သက်သာစေသည့် မခွင့်အလမ်းမှာ ယင်းကို မြန်မြန်ကုသခြင်း ဖြစ်ပါသည်။

### ရောဂါဖြစ်စေသောa ဘက်တီးရီးယားများ သို့မဟုတ် အဆိပ်များကြောင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း၏ ရောဂါလက္ခဏာများ


အသက်ရှူမြန်ခြင်း သို့မဟုတ် အသက်ရှူမဝခြင်း


အဖျားတက်ခြင်းနှင့် ခိုက်ခိုက်တုန် ချမ်းနေခြင်း


နှလုံးခုန်သံ မြန်ခြင်း


ခန္ဓာကိုယ် အပူချိန်နည်းနေခြင်း


ဝမ်းလျှော ခြင်း


ဆီးသွားနည်းခြင်း သို့မဟုတ် လုံးဝမသွားခြင်း


အော်ဂလီဆန် ပျို့ချင် အန်ချင်ခြင်း နှင့် အော့အန်ခြင်း


ပင်ပန်းနွမ်းနယ်ခြင်း အသစ် ဖြစ်ခြင်း၊ ဇဝေဇဝါဖြစ်ခြင်း၊ အိပ်ချင်ငိုက်မျဉ်းခြင်း၊ သို့မဟုတ် အပြုအမူ ပြောင်းလဲခြင်း


နာကျင်ခြင်း သို့မဟုတ် 'ယခင်က ထက်ပိုပြီး ဆိုးလာခြင်း'

### ကျွန်ုပ်က ဘာကို  သတိထားရမည်နည်း။

မည်သည့် ရောဂါကူးစက်မှုမဆို ရောဂါဖြစ်စေသော ဘက်တီးရီးယားများ သို့မဟုတ် အဆိပ်များကြောင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း ဖြစ်စေနိုင်ပါသည်။
ရောဂါကူးစက်မှုအများစုသည် အလိုအလျောက် သက်သာပျောက်ကင်း ကြသော်လည်း ရောဂါလက္ခဏာများ ဆိုးဝါးလာသည့်အခါ သင် မည်သို့လုပ်ဆောင်ရမည် ဆိုသည်ကို သိသင့်ပါသည်။

သင် ရောဂါဖြစ်စေသော ဘက်တီးရီးယားများ သို့မဟုတ် အဆိပ်များကြောင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း ကြုံတွေ့သည့်အခါ သင့်အနေနှင့် ပုံမှန် ဖျားနာနေကျနှင့် မတူသည့် ဖျားနာမှုသာမက အပျင်းဖျားနာခြင်းကိုပါ ခံစားရပါလိမ့်မည်။

### ကျွန်ုပ် စိတ်ပူနေပါက ဘာလုပ်ရမည်နည်း။

အကယ်၍ သင် သို့မဟုတ် သင်ချစ်ခင်မြတ်နိုးရသူသည် ရောဂါဖြစ်စေသော ဘက်တီးရီးယားများ သို့မဟုတ် အဆိပ်များကြောင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း ဖြစ်နေနိုင်သည်ဟု ထင်မြင်ယူဆပါက မိမိ၏ ပင်ကိုယ်စိတ်ကို ယုံကြည်လိုက်ပါ။ သုညသုံးလုံး (000) ကို ခေါ်ပါ သို့မဟုတ် ဆေးရုံသို့ ချက်ခြင်းသွားပြီး ဆရာဝန် သို့မဟုတ် သူနာပြုကို 'တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း ဖြစ်နိုင်သလား' ဟုမေးပါ။

**သင် ပြန်သွားပြီးတွေ့နိုင်ပါသည်** သင် ဆရာဝန်နှင့် တွေ့ပြီးသည် ဖြစ်စေကာမူ

**အကယ်၍ သင် မသေချာပါက**
**13 HEALTH (13 43 25 84)**
**ကို မည်သည့်အချိန်တွင်မဆို ဖုန်းဆက်ခြင်းဖြင့် မှတ်ပုံတင်ထားသည့် သူနာပြု ဆရာ၊ဆရာမထံမှ လုံခြုံသိုသိပ်မှုရှိပြီး အခမဲ့ဖြစ်သည့် အကြံပေးမှုကို ရနိုင်ပါသည်။**

DELIVERING FOR QUEENSLAND

Queensland Government

## မည်သူတွေက တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း ဖြစ်နိုင်သနည်း။

တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်းသည် မည်သူမဆို၊ ကလေးများနှင့် ကျန်းမာသူများပါ ဖြစ်နိုင်ပါသည်။ အချို့သောသူများမှာ တခြားသူများထက် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း ဖြစ်နိုင်ပါသည်။
အကယ်၍ သင်သည် အောက်ဖော်ပြပါအချက်များ ဖြစ်နေပါက သင့် ဖြစ်နိုင်ချေ ပိုများလာနိုင်ပါသည် -

- အသက် 65 နှစ် ပိုပြီး ကြီးနေလျှင်
- ကိုယ်ခံအားစံနစ် လျော့ကျအားနည်းနေခြင်း
- မကြာသေးမီက ခွဲစိတ်ကုသမှု ခံယူခဲ့ခြင်း
- ကိုယ်ဝန်ဆောင်နေခြင်း သို့မဟုတ် မီးဖွားပြီးစ ဖြစ်ခြင်း
- အက်ဘော်ရစ်ဂျင်နယ် သို့မဟုတ် တောရက်စ်ထရိတ် ကျွန်းသား ကျွန်းသူဖြစ်ခြင်း
- မြစ်ပွားနာရောဂါ ကင်ဆာအတွက် ကုသမှု ခံယူနေရခြင်း
- ရှုပ်ထွေးသော ကျန်းမာရေး အခြေအနေများ ရှိခြင်း
- အပူလောင်ခြင်းများ၊ ထိခိုက်ရှနာများ သို့မဟုတ် ဒဏ်ရာများ ရှိခြင်း
- COVID-19ဖြစ်နေခြင်း
- တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း ဖြစ်ခဲ့ပြီး ဖြစ်ခြင်း
- သင်သည် 1 နှစ် ထက်ငယ်သော ကလေးဖြစ်ခြင်းတို့ ဖြစ်ပါသည်။

## သင် မည်သည့်အချိန် မှာ – 'ဒါ တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း ဖြစ်နိုင်သလား' ဟု မေးရမည်ကို သိပါသလား။




ရောဂါကူးစက်မှု နှင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း အကြောင်း လေ့လာနိုင်ရန် ဤ 1 မိနစ်ဗစ်ဒီယိုကို ကြည့်ပါ။

## တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်းကို ကာကွယ်ရန် နည်းလမ်း

တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်းကို ကာကွယ်ရန် အကောင်းဆုံး နည်းလမ်းမှာ ရောဂါကူးစက်မှုကို ရှောင်ရှားခြင်း ဖြစ်ပါသည်။ ဤသို့ဖြစ်စေရန်အတွက် လုပ်ဆောင်ရန်မှာ -



အကယ်၍ သင် နေမကောင်းပါက **သင့်ကုသနေကျ ဆရာဝန်ကို ပြောပြပါ။**



**ကာကွယ်ဆေးများကို အချိန်နှင့် တပြေးညီ ထိုးခြင်း** ပြုလုပ်ပါ။



အနာကျက်နေစဉ်ကာလအတွင်း **ထိခိုက်ရှနာသည်များကို သန့်ရှင်းအောင်ပြုလုပ်ပြီး ဖုံးအုပ်ထားပါ။**



**သင့်လက်ကို** မကြာမကြာ ဆေးခြင်း



ရောဂါကူးစက်မှု နှင့် တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်း ရောဂါလက္ခဏာများကို သတိထားခြင်း

### အသိအမှတ်ပြုခြင်း

ဩစတြေးလျားနိုင်ငံ တစ်ရှူးများ ပုပ်သိုးပျက်စီးခြင်းဆိုင်ရာ ကွန်ယက် (Australian Sepsis Network)၊ ရောဂါကူးစက်မှု ထိန်းသိမ်းခြင်းနှင့် ကာကွယ်တားဆီးခြင်းဆိုင်ရာ ဗဟိုဌာနများ၊ (Centres for Disease Control and Prevention) နှင့် ကူးစက်တတ်သော ရောဂါများဆိုင်ရာ ဩစတြေးလျားနှင့် အာရှ နိုင်ငံများ လူ့အသိုင်းအဝိုင်း (Australasian Society for Infectious Diseases) ထံမှ လိုက်လျောညီထွေ ရှိအောင်ပြင်ဆင်ပါသည်။

### ချွင်းချက်

ဤသိကောင်းစရာများ စာစောင်သည် ပညာပေးရေးအတွက် သက်သက်သာ ရည်ရွယ်ပြီး ဆေးကုသမှုဘက်ဆိုင်ရာ တတ်သိပညာရှင်များ၏ အကြံပြုချက်များကို အစားထိုးရန် မရည်ရွယ်ပါ။ ဤသိကောင်းစရာများ စာစောင်ကို စမ်းသပ် ထုတ်ဝေထားပါသည်။ အကယ်၍ သင့်မှာ ဝေဖန် အကြံပြုလိုသည်များ ရှိပါက
sepsis@health.qld.gov.au. **ကို အီးမေးလ်ပို့ပါ။**

SC26000479_V1.2 06/2026